# Minutes of Myanmar Language Information Management Network Meeting

*26th January 2022, 2PM MMT, online via Zoom*

## Agenda

1. MIMU 3W – *Presented by MIMU*
2. အစုအဖွဲ့ / ကလ္စတာ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ
3. အခြားဆွေးနွေးမှုများ

## Attendance

Chair: Ei Ei Thein (MIMU)
Participants: JOICFP, MIMU, BIMM, CARE, VNG-I, Ipas, Pandita, SCI, MEDG, PCM , DRC, MRCS, AAR Japan, SARA, UN Women, MSU, OCHA, FXB Myanmar, SPM, WVM, LWF, NRC, SWISSAID Myanmar, PCF, ARC, UNHCR, AN, WF
(34 participants from 28 organisations)

## **1. MIMU 3W** – *Presented by MIMU*

MIMU 3W ကို ၂၀၀၇ ခုနှစ် နာဂစ် မဖြစ်ခင်ကပင်ကောက်ကာ စတင်စဉ် က UN နဲ့ INGO အကြီး များသာပါဝင် ခဲ့သည်။ နောက်ပိုင်း တွင် 3W အရေးကြီးမှု ကို သိရှိကာ ပိုမိုဦးစားပေးကောက်လာပြီး ၂၀၀၈ နာဂစ် အပြီး တွင် UNOCHA က hub များ မှ တစ်ဆင့် နာဂစ်ဖြစ်ပွားခဲ့သည့်မြို့နယ်များအတွက်သာ အဓိက ကောက်ယူခဲ့သည်။ စတင် စဉ်က မြို့နယ် ၃၀ လောက် မှ ၂၀၀၉ တွင် ချင်းပြည်နယ် ကို တိုးကောက် ပြီး ၂၀၁၀ လောက် မှ စ ၍ တစ်နိုင်ငံလုံးအတိုင်းအတာအထိ တိုးချဲ့ခဲ့သည်။ ထိုအခါမှ  ပုံစံပြောင်း ပြီး များသောအားဖြင့် ရန်ကုန်မြို့ရှိ ရုံးချုပ် များမှ တစ်ဆင့် စတင်ကောက်ဖြစ်ခဲ့သည်။ လက်ရှိ တွင် ၆ လ တစ်ခါ ကောက်ရန် ဆုံးဖြတ်ခဲ့ ပြီး ရေရှည် အတွက် ရည်ရွယ်သည်။

သတိချပ်ရမည် မှာ MIMU 3W သည် baseline အဖြစ်သာ သုံးရန် ရည်ရွယ်ပြီး အသေးစိတ် ကို sector/cluster အသီးသီး မှ ထပ်မံ ကောက်ခံသည်။

WHO တွင် ပါဝင်သော ၃ ပိုင်း ကို ရှင်းပြခဲ့သည်။ 3W တွင် donor/development partner အချက်အလက် မကောက်ပေ။ WHAT တွင် ပါဝင်သော ၃ ပိုင်း ကိုလည်း ရှင်းပြခဲ့သည်။ WHERE တွင်  တိုင်းဒေသကြီး/ပြည်နယ် မှ camp level ထိ ကောက်ခံပြီး လုပ်ငန်းသဘောသဘာဝအရ တစ်နိုင်ငံလုံးအတိုင်းအတာ (သို့) တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်လုပ်ဆောင်ရသော အချို့ လုပ်ငန်းများသာလျှင် ကျေးရွာအဆင့်အထိ ကောက်ခံ၍ မရနိုင်ပါ။ အင်္ဂလိပ်အက□ရာဖြင့် ကျေးရွာစာလုံးပေါင်းပုံခြင်းမတူသော အဓိကအချက်ကြောင့် 3W data cleaning လုပ်ရာတွင် အကြာဆုံး အပိုင်း မှာ ရွာ level တွင် ဖြစ်သည်။ သို့သော် ကောင်းသည်မှာ မြေပြင် မှ ရွာ အချက်အလက်များ ကို 3W နှင့် အတူ ပေးရင်း ဖြင့် Pcode ကိုပါတစ်ပါထည်း ထည့်ဖြစ်သည်။ Camp နေရာများ အတွက် အချက်အလက် CCCM cluster မှ ပေးခြင်း ဖြစ်သည်။ WHEN၊ project status ကို category များ ခွဲထားပုံ ကို အဓိက ထား ရှင်းပြခဲ့သည်။ For WHOM – IDP Focus၊ IDP and Host Community Focus၊ development focus၊ အခြား ထိခိုက်လွယ်သော group များ အတွက် စသည်ဖြင့် ခွဲထားသည်။ အရင် က ကချင်၊ရခိုင် နှင့် ရှမ်း အတွက် သာ focus ထုတ်ကုန် များ ထုတ်ခဲ့သော်လည်း ယခု တွင် countrywide အတွက် ပါ ရရှိနိုင်ပြီ ဖြစ်သည်။

ယခု နောက်ဆုံး 3W ပေး သော အဖွဲ့ များ ကို breakdown လုပ် ၍ ရှင်းလင်းခဲ့သည်။

MIMU 3W ကို တစ်နှစ်လျှင် ၂ ကြိမ် ကောက်ပြီး ၂၀၁၅ တွင် emergency 3W ဟူ၍ ရေဘေး အတွက် ကောက်၍ တစ်ကြိမ် ပဲ ကောက်ဖြစ်ခဲ့သည်။ ၂၀၂၂ အတွက် မတ် နှင့် သြဂုတ် တွင် ကောက်သွားမည် ဖြစ်ပါသည်။

ဆက်လက်၍ 3W Comparison Report မှ အချက်အလက် များ ကို ပြသ၍ တိုင်းဒေသကြီး နှင့် ပြည်နယ် ပေါ် မူတည် ၍ ၄ ခေါက် စာ breakdown လုပ်ပြခဲ့သည်။
ထို့နောက် Sector အလိုက်၊ ကျေးရွာအုပ်စု/မြို့ အလိုက် ခွဲပြရာတွင် ၂၀၂၀ သြဂုတ်တွင် လွှမ်းခြုံမှု ၇၇% ရှိခဲ့ရာမှ ၂၀၂၁ အတွင်း လွှမ်းခြုံမှု ကျသွားရာမှ ၇၅% သော ကျေးရွာအုပ်စု/မြို့များ တွင်သာ စီမံကိန်းများ လုပ်ဆောင်နေကြကြောင်း တွေ့ရသည်။ အဆိုပါ ပြောင်းလဲမှု များ ကို Activities များ ပြောင်းလဲ မှု ကို ယှဉ်ထားသော မြေပုံ များ တွင် သိသာစွာ တွေ့ရသည်။

3W products များ ကို ရယူနိုင်ရန် ပါဝင်သော products များ ကို အကြမ်းဖြင်းရှင်းပြခဲ့သည်။ customized 3W map များ လည်း တောင်းခံလာလျှင် ပေးပါသည်။ ဖြစ်နိုင် လျှင် တော့ ကိုယ့် အဖွဲ့အစည်း ၏ GiS capacity ကို သုံးရန် အားပေးသည်။ MIMU မှ training များ course များ ကို တက်၍ လည်း လေ့လာနိုင်သည်။
3W Dashboard များကို township နှင့် village tract ဟူ၍ ဖန်တီးထားပါသည်။

3W မည်သို့ ပေးမည် နည်း၊ how your organisation can participate မှ 3W data entry form ကို ရယူ၍ အချိန်မရွေး ပေးနိုင်သည်။ 3W form တွင် အပြောင်းအလဲ လေး များ လုပ်လေ့ရှိ သော်လည်း (sector, sub sectors, PCode, status, categories, etc. ) လောလောဆယ် ပြောင်းရန် မရှိပါ။

PCode မရှိ တဲ့ နေရာ ဆို မည်သို့ ဖြည့်မလည်း။ အေဂျင်စီ များ အနေဖြင့် မိမိတို့ လုပ်ဆောင်နေသော ရွာများ ကို မြေပြင်အတိုင်း ထည့်ပေးပါ။ သို့မှသာ PCode ထဲ တွင် ရှိမရှိ စစ်နိုင်မည်ဖြစ်ပြီး မရှိရင်လည်း ထည့် နိုင်မည်။ စာလုံးပေါင်း မတူ တာလည်း ဖြစ်နိုင်ပြီး MIMU ၏ 3W source file ထဲ တွင် ထို ကဲ့သို့ အခြေအနေ အတွက် သီးသန့် data column များ ထား၍ ကိုင်တွယ်သည်။ PCode မရှိလျှင် ရှိအောင်လုပ်ရန် အချက်အလက် စုံလင်စွာ ဖြင့် Pcode submission လုပ်နိုင်သည်။

3W ၏ ကန့်သတ်ချက် များ ထဲမှ တစ်ခုမှာ **MIMU** contact list ထဲတွင် register မလုပ်ထားပါက ပါဝင်မည် မဟုတ်ပါ။ ထို list ထဲပါဝင်သော အေဂျင်စီ များ ပင် အကြောင်းအမျိုးမျိုး ကြောင့် တစ်ဝက်ကျော် သာ ပေးနိုင်သည်။ အခြား ထူးခြားမှု တစ်ခု မှာ funding ပေးသော အဖွဲ့ နှင့် လက်ခံ၍ လုပ်ဆောင်သော အဖွဲ့ implementing partners များ အကြား အချက်အလက် overlap များ၊ gap များ ဖြစ်နေနိုင်ခြင်း ဖြစ်သည်။ ထိုကဲ့သို့ အခြေအနေများ အတွက် MIMU မှ ကြိုးစား၍ data သန့်စင်သည်။

## 2. အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ

**OCHA**။ ၂၀၂၂ အတွက် Myanmar Humanitarian Needs Overview ကို ဒီဇင်ဘာ ၃၁ ၂၀၂၁ တွင် ထုတ်ဝေခဲ့သည်။ အဆိုပါ countrywide needs analysis မှ နိုင်ငံအဝှမ်း needs figure အဖြစ် ၁၄.၄သန်း ထွက်သည်။ ထို needs ပေါ် မူတည်၍ တုံ့ပြန်ရန် Humanitarian Response Plan ကို လောလော ဆယ် လုပ်နေဆဲဖြစ်ပြီး များမကြာမီ ထွက်ပါမည်။ CCCM

cluster ၏ data collection ကို ထောက်ပံ့သည့် အနေဖြင့် ကချင် နှင့် ရှမ်းပြည်နယ် အတွက် IDP site map များ ဤ အပတ် အတွင်း ထွက်ရန် ရှိပါသည်။

**MSU**။ IFPRI နှင့်ပေါင်း ၍ Myanmar Agriculture Policy Support Activity (MAPSA) စီမံချက် ကို ၂၀၁၉ မှ စ၍ လုပ်ဆောင်နေသည်။ ၂၀၂၀ နှင့် ၂၀၂၁ အတွင်း COVID နှင့် ပတ်သက်၍ phone survey များ ကောက်ခဲ့သည်။ IFPRI မှ Myanmar Country Program စာမျက်နှာ တွင် Publications များ တင်ထားပေးပါသည်။ ဒီဇင်ဘာ မှစ၍ nationwide phone survey များ လည်း စကောက်နေပြီး sample size မှာ ၁၂၇၉၀ ဖြစ်ပါသည်။ 2022 အတွင်း ၄ ကြိမ် ကောက်မည်။ ပြီးနောက် Agri-food sector အတွက် survey များ ဆက်ကောက်သွားပါမည်။ ၂၀၂၂ အတွင်း ၂ ကြိမ်ကောက်ပါမည်။ ဇန်နဝါရီ ၂၈ မှ စ၍ IFPRI နှင့် ပေါင်း၍ workshop ၈ ကြိမ် ကို ၈ လ (ဇန်နဝါရီ မှ ဩဂုတ်) ထိ လုပ်သွားရန် ရှိပါသည်။

**LWF**။ ရခိုင် ပြည်နယ် တွင် ကျောင်း များ ဆောက်နေသည်။ Livelihoods နှင့် ပတ်သက်၍ TVET (Technical and Vocational Education and Training) သင်တန်း များလည်း ပေးနေသည်။

**MIMU**။ လက်ရှိတွင် assessment tracking ကောက်နေသည်။ ဇန်နဝါရီ ၂၈ deadline ဖြစ်သည်။ ထို့နောက် ဖေဖော်ဝါရီ ပထမ နှင့် ဒုတိယပတ် ထဲတွင် assessment tracking dashboard နှင့် report ထွက်ပါမည်။ capacity building အနေဖြင့် လောလောလတ်လတ် ကမှ tableau training ပြီးသွား ခဲ့ပြီး သင်တန်း မှ resources များ ကို MIMU website ပေါ်တင်၍ အချိန်မရွေး လေ့လာနိုင်သော online course လုပ်ရန် ရှိပါသည်။ ဖေဖော်ဝါရီ ၈ မှ ၁၁ အထိ IM workshop ရှိမည်ဖြစ်ပြီး ပါဝင်သူများ ကို ရွေးချယ်ပြီး ဖြစ်သည်။ excel training ကိုလည်း လာမည့် တခေါက်တွင် advanced level ဖြစ်ပါမည်။ ထို့ကြောင့် IM workshop ပြီးပြီးသော၊ excel အခြေခံ course များ တက်ပြီး သူ များ ထဲမှ စာမေးပွဲ စစ်၍ ၁၅ ယောက်သာ ရွေးသွားပါမည်။

## 3. အခြားဆွေးနွေးမှုများ

ယခု meeting များ ကို ad hoc ဆွေးနွေးရန် မရှိပါက တစ်လ ခြား တစ်ခါ သာ လုပ်ပါမည်။ ထို့ကြောင့် နောက် meeting သည် မတ်လ ၃၀ ရက်နေ့ တွင်ဖြစ်ပါမည်။ နောက် တစ်ခေါက် တွင် တက်ရောက် သူ များ များ ကို ၎င်း တို့၏ organizational data protection policy အကြောင်း နှင့် လုပ်ဆောင်မှု များ ကို မျှဝေ ဆွေးနွေးရန် ဖိတ်ခေါ်ပါသည်။

## Action Points

| No. | Action Point | Responsible | Deadline |
|---|---|---|---|
| 1 | Organizational data protection policy အကြောင်း နှင့် လုပ်ဆောင်မှု များ ကို မျှဝေ ဆွေးနွေးရန် | တက်ရောက် သူ များ | March 30th 2022 |